# နိုင်ငံတော်သမ္မတဦးထင်ကျော် ပြည်ထောင်စုလွှတ်တော်တွင် မိန့်ခွန်းပြောကြား

နိုင်ငံတော်သမ္မတဦးထင်ကျော်သည်(၃၀-၃-၂၀၁၆) ရက်နေ့ကကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့တွင် မိန့်ခွန်း ပြောကြား ခဲ့သည်။

နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းအပြည့်အစုံမှာအောက်ပါအတိုင်းဖြစ်ပါသည် -

**လွှတ်တော် နာယကကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာသော ဂုဏ်သရေရှိ ဧည့်သည်တော်များနဲ့ နိုင်ငံသူနိုင်ငံသားများခင်ဗျား**

ဒီပြည်ထောင်စုလွှတ်တော်ကြီးက ကျွန်တော်ကိုနိုင်ငံတော်သမ္မတအဖြစ် ရွေးချယ် တင်မြှောက်ခံရတာဟာအထင်ကရသမိုင်းဝင်ဖြစ်ရပ်ကြီးတစ်ခုဖြစ်တဲ့အတွက် ကျွန်တော် များစွာ ဂုဏ်ယူ ဝမ်းမြောက်ကြောင်း ပြောကြားလိုပါတယ်။ နိုင်ငံတော်သမ္မတ ဖြစ်လာတာနဲ့အညီ ကျွန်တော်ကပြည်ထောင်စုလွှတ်တော်ကိုတာဝန်ခံရမယ့်ပုဂ္ဂိုလ် ဖြစ်လာပါတယ်။

၂၀၁၅ ခုနှစ် နိုဝင်ဘာလရွေးကောက်ပွဲရလဒ်ကြောင့် ဖြစ်ထွန်းလာတဲ့ ဒုတိယအကြိမ် လွှတ်တော်နဲ့ အစိုးရအဖွဲ့များဟာဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်တဲ့ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ရဲ့ မူဝါဒများနဲ့ ကိုက်ညီစွာဖွဲ့စည်းထားခြင်းဖြစ်ပါတယ်။ ယခုအစိုးရသစ်အနေဖြင့် အောက်ပါ မူဝါဒများဖြစ်တဲ့

- အမျိုးသားရင်ကြားစေ့ရေး

- ပြည်တွင်းငြိမ်းချမ်းရေး

-ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုဖြစ်ပေါ်ရေးကိုရှေးရှုတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ တစ်ခုပေါ်ပေါက်ရေးနဲ့

-ပြည်သူလူထုအများစု၏ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားရေး တို့ကို အကောင် အထည်ဖော်ဆောင်သွားမှာဖြစ်ပါတယ်။

**လွှတ်တော် နာယကကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြသော ဂုဏ်သရေရှိ ဧည့်သည်တော်များနဲ့ နိုင်ငံသူနိုင်ငံသားများခင်ဗျား**

ဒီနေ့ဒီအချိန်မှာလေးနက်စွာတင်ပြလိုတဲ့ အချက်တစ်ခုရှိပါတယ်။ ဒီအချက်ကတော့ မကြာမီကပဲ ကျွန်တော်ဟာနိုင်ငံတော်သမ္မတအဖြစ် ကတိသစ္စာပြုခဲ့ပြီးဖြစ်ပါတယ်။ အဲ့ဒီ ကတိသစ္စာကိုထိန်းသိမ်းစောင့်ရှောက်ရမယ့် တာဝန်ရှိကြောင်းကိုလည်း အစဉ်သတိချပ်နေမှာ ဖြစ်ပါတယ်။

ဒါ့အပြင် နိုင်ငံနဲ့ သင့်တော်မယ့်ဒီမိုကရေစီစံချိန်စံညွှန်းများနဲ့ ကိုက်ညီတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ဖြစ်ပေါ်လာရေးအတွက်လည်း ဆောင်ရွက်ရမယ့်တာဝန်ရှိပါတယ်။ နှစ်ရှည်လများပြည်သူလူထုလိုလားတောင့်တနေတဲ့ ဒီနိုင်ငံရေးရည်မှန်းချက် အကောင်အထည်ပေါ်လာရေးအတွက် စိတ်ရှည်သည်းခံပြီးဆောင်ရွက်သွားရမှာကိုလည်းသိရှိနားလည်ထားပါတယ်။

နိဂုံးချုပ်အားဖြင့် တင်ပြချင်တာကတော့ ယခုပေါ်ပေါက်လာတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ဟာပြည်သူလူထုရဲ့ မျှော်လင့်ချက်များ၊ ဆန္ဒများပြည့်ဝစေရန် မမှိတ်မသုန် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်းအလေးအနက် ပြောကြားလိုခြင်းဖြစ်ပါတယ်။

နိုင်ငံသူနိုင်ငံသားအားလုံးချမ်းမြေ့သာယာစွာနဲ့ မိမိတို့ဘဝလမ်းကြောင်းကို ဖြောင့်တန်းစွာလျှောက်လှမ်းနိုင်ကြပါစေ။